ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (18-7-2008) (၅၇၄၃)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ဘုရားပုထိုးကျောင်းကန်များ၊ ဓမ္မာရုံများ၌ ဒါနမှုပြုသူများ ဥပုသ်သီလဆောက်တည်သူများ၊ တရားဘာဝနာပွားများသူများဖြင့် အထူးစည်ကားများပြား

ရန်ကုန် ဇူလိုင် ၁၇

ယနေ့ ဇူလိုင် ၁၇ ရက် 'ဝါဆိုလပြည့်နေ့'(ဓမ္မစကြာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်အခါသမယဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား ပုထိုးကျောင်းကန်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ဓမ္မစက္ကပဝတ္တနသုတ်တော် ရွတ်ဖတ်ပူဇော်သံများဖြင့် လွှမ်းခြုံ၍ ဒါနမှုပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ သမထ၊ ဝိပဿနာ ဘာဝနာပွားများသူ၊ ရဟန်း၊ရှင်လူ၊ ပြည်သူအပေါင်းတို့ဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) သီလခံယူပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာတရားနာယူပွဲ အခမ်းအနားကို နံနက် အရုဏ်တက်တွင် စတင်ကျင်းပရာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ရွှေကြာသင်္ကန်းတော်များဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး မုခ်ဦးအာရုံခံတန်ဆောင်းများရှိ ရုပ်ပွားတော်လေးဆူနှင့် စေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်တို့အား ဆက်ကပ်လှူဒါန်းပူဇော်ခြင်းတို့ကို ကျင်းပသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ဆွမ်းဆန်တော်၊ ဆီ၊ ဆန်၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၂ တိုက်နှင့် သီလရှင်စာသင်တိုက် ငါးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ နှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက် ဓမ္မရိပ်သာကျောင်းတိုက်၌ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

ဘုရားဖူးများ စည်ကား

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ စိုးညွန့်(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၂ တိုက်နှင့် သီလရှင်စာသင်တိုက် ငါးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတည်ပြုချိန် ၂း၅၀

ကြေးမုံ The Mirror

၁၈-၇-၂၀၀၈
(သောကြာနေ့)

လူငယ်များ၏ ပင်ကိုစွမ်းရည် ဖော်ထုတ် အရည်အသွေးမြင့်ပညာရှင်များ ပြုစုပျိုးထောင်

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့် လုပ်ငန်းစဉ်များသည် နိုင်ငံ၏အနာဂတ်ကို မျှော်မှန်းပြီး ရေရှည်အကျိုးအတွက် တစ်စိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေး ပတ်ဝန်းကျင်ကောင်းများ တည်ဆောက်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ကြိုးပမ်းလျက် ရှိသည်။

ယင်းသို့ မျှော်မှန်းဖော်ဆောင်နေသည့် ပညာရေးစီမံကိန်းများ၊ ရည်မှန်းချက်များ အောင်မြင်ရေးတွင် ပညာရေးကဏ္ဍ၏ ကြိုးပမ်းအားထုတ်မှုအပေါ်တွင် အဓိကတည်မှီနေသည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ၏ အားထုတ်မှုဖြင့် မိမိတို့၏တပည့်လူငယ်များကို နိုင်ငံ၏အင်အား၊ နိုင်ငံ၏အဖိုးတန်ရတနာများ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ ပင်ကိုစွမ်းရည်ကို ဖော်ထုတ်ပေးပြီး ခေတ်နှင့် လျော်ညီသည့် နည်းပညာနှင့် ကျွမ်းကျင်မှုများအပြင် ရှုထောင့်သစ်၊ အသိအမြင်သစ်များပါပြည့်စုံစေရေး စနစ်တကျ လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။ ယင်းသို့ ပညာရေးပိုင်းဆိုင်ရာနှင့်အသိဉာဏ်ပညာအရ၊ စိတ်ဓာတ်ရေးရာ အရအဘက်ဘက်က လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံကိုပိုမိုအလုပ်အကျွေးပြုနိုင်မည့် လူငယ်များ ဖြစ်လာကြမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသကဲ့သို့ နိုင်ငံတကာ အဆင့်မီ သင်ကြားမှုနည်းစနစ်များ၊ ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး ပတ်ဝန်းကျင် ကောင်းများလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များကလည်း မိမိတို့၏ ပညာရည်မြင့်မားတိုးတက်ရေး၊ နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေးတို့အတွက် မဆုတ်မနစ် ကြိုးစားသင်ယူကြရမည် ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံ၏ ခေအင်အားသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း နှင့်လေ့လာသင်ယူ တီထွင်ကြံဆနိုင်မှု စွမ်းအားအပေါ်တွင် မူတည်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်နှင့်အညီ မျိုးဆက်သစ်များအား ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် အရည်အသွေးမြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။ ။

ဇူလိုင် ၁၆ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းနေ ဦးမောင်မောင် (ဇေယျာရွှေမြေ)၊ ဒေါက်တာနီလာသိန်း (မျက်စိအထူးကု ဆရာဝန်) သမီး၊ ကြေးမုံခင်၊ သား မင်းသုမောင် မိသားစုက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်သူ လက်ခံစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ မံဆောင်းတံတား (ချင်းပြည်နယ်)
- ၈း၁၅ ၇။ **" နင်းကြည့်စမ်းပါ " (မင်းအုပ်စိုး၊ ညီဘွား၊ ခင်းစိုးပိုင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၃၀ ၄။ **" ညော်မယ်ဗျို့ " (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၂၀ ၈။ အတီးပြိုင်ပွဲ
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၅ ၁၀။ ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၂၀ ၁၂။ မိုးလဝသအခြေအနေ
- ၆း၂၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁၄)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၂)**
- ၁၉။ အစီအစဉ်ပြီး၏။

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ ပွဲကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတွင် ကျင်းပရာ ပြန်ကပြေးကျေးရွာ ရွာဦးကျောင်း ဆရာတော် ဦးဓမ္မပါလထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကာ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ် (၇၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ် (၇၉)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ စာပေမဂ္ဂဇင်းနှစ်စောင်၊ မြင်းမူမောင်နိုင်မိုး၏ မမှတ်ယူသင့်ကြောင်း၊ အမူအရာနှင့်ပြောဆိုစကား၊ နီမင်းဆွေ၏ သိုးတို့ရဲ့ ငြိမ်းချမ်းရာနယ်မြေ၊ ကိုကိုလှိုင်၏ ဂျော်ဂျီယာမှစစ်မီးပွား၊ အာရှမိုး၏ကြီးထွားလာသောမြို့ပြများနှင့် ရေအရင်းအမြစ်ပြဿနာ၊ မောင်မြတ်မွန်(ဆူးလေ)၏ အနောက်တောရကြီးကိုအခြေပြုဖောက်လုပ်ထားတဲ့ ဗားကရာ လမ်းမကြီး၊ အရှင်ဩဘာသ၏ ဒိဋ္ဌဓမ္မေနှင့် ရှေးလောင်းလျော့၊ တီတီအိပ်ချ်(ပြည်)၏ တိမ်ဖုံးလို့ လမသာ၊ မြင့်ဦးကို၏ မုန်တိုင်းနှင့် ကမ္ဘာ့သယံဇာတများ၊ ရန်ကုန်မြို့တွင်း လျှပ်စစ်မီတာများ အလုံးရေအကန့်အသတ်မရှိ နေ့ချင်းပြီး တပ်ဆင်ပေးနေပြီ၊ ဆိုင်ကယ်အမျိုးအစားအလိုက် နှုန်းထားသတ်မှတ်၍ ဒေသအမှတ်မှတ်ပုံတင်ပေး၊ လူငယ်တေးသံရှင် Wai လျှံနှင့် တွေ့ဆုံခြင်း၊ အမေရိကန်နားရွက်ကို တံတွေးဆွတ်လိုက်သည့် အီရန်မှဒုံးပျံများ၊ အာဖဂန်မှ အိန္ဒိယသို့ မရဏလက်ဆောင်၊ အာဖဂန်မင်္ဂလာဆောင်ကို အမေရိကန်ကပေးသည့် ဗုံးလက်ဖွဲ့ သတို့သမီး အပါအဝင် ၂၇ဦးသေဆုံးရ၊ ပြည်သူ့ဘဏ္ဍာငွေနဲ့ ကိုယ်ပိုင်လေယာဉ်ဝယ်ရန် စီစဉ်နေတဲ့ အင်္ဂလန်ဘုရင်မကြီး၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် မုဆိုးမမိသားစု၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း (၈၅၊၈၆)၊ ပင်လယ်ပျော် မင်းသား အပိုင်း (၁၃၊၁၄)၊ ရွှေမင်းသားလေး ချစ်ပုံပြင် အပိုင်း (၁၄၊၁၅) စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင် ငွေကျပ် ၅၈၅၀၊ ၆လ-၂၆စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊အမှတ်(၃၁၀)၊အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်ပူနှင့်ဘိုကလေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဇူလိုင်   ၁၇

အင်ပူမြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အင်ပူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၀၇ ကျောင်းမှ ဆရာတော် ၂၀၇ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီလရှင် ၂၄ ပါးအတွက် လှူဖွယ်ပစ္စည်းများနှင့် အဘိုး၊ အဘွား ၁၃ ဦးအတွက် အလှူငွေများပေးအပ်၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်ပူမြို့နယ် ထူးကြီးကျေးရွာ မိုးကုတ်ဝိပဿနာ ဇေတဝန်ကျောင်း၌ ဘုန်းတော်ကြီးကျောင်း ၂၅ ကျောင်းမှ ဆရာတော် ၂၅ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီလရှင်အပါး ၄၀ တို့အား လှူဖွယ်ပစ္စည်းများ ပေးအပ်၍ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းအတွင်း ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ အမြဲတမ်းနေအိမ် ၁၀၃လုံး ဆောက်လုပ်ပြီးစီးနေမှု၊ အိမ်ဝင်းများအတွင်း စားသုံးသီးနှံများ စိုက်ပျိုးထားရှိမှု၊ ယင်လုံအိမ်သာများ ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ရှင်းလင်းဆောင်၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအားတွေ့ဆုံပြီး ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဓမ္မသုခ ကျေးရွာသို့ရောက်ရှိပြီး ယာယီကျောင်းအတွင်း စာသင်ကြားနေမှုကို ကြည့်ရှုအားပေး၍ ကလေးများ အာဟာရ ကျွေးမွေးရန် အလှူငွေကျပ် တစ်သိန်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ရွာဦးကျောင်းသို့ရောက်ရှိပြီး ဆရာတော်အားဖူးမြော်၍ ကျောင်းဆောင်များ အမိုးမိုးရန် သွပ်များလှူဒါန်းပြီး ကျေးရွာအတွက် ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် ကျွန်းညိုကြီးကျေးရွာအုပ်စု လသာချောင်းကျေးရွာသို့ရောက်ရှိပြီး ဇေယျာဝဏ္ဏသိဒ္ဓိ ကျောင်းတိုက်ရှိ သက်တော် ၁၀၄ နှစ်ရှိ ဆရာတော် ဘဒ္ဒန္တဝိမလအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေကျပ် တစ်သိန်းကို ဆက်ကပ်လှူဒါန်းပြီး နယ်စည်းမခြား ဆရာဝန်များအသင်းမှ ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ပေချောင်းကျေးရွာသို့ ရောက်ရှိပြီး ကံ့ကော်တစ်ထောင်ကျောင်းတိုက်အတွင်း ကလေးများ စာပေ သင်ကြားပြသနေမှုကိုကြည့်ရှုစစ်ဆေးပြီး ဘုန်းတော်ကြီးကျောင်းအတွင်း ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လယ်ယာများအချိန်မီ စိုက်ပျိုးပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကိုင်းတော အရှေ့ကျေးရွာသို့ ရောက်ရှိ၍ ယာယီကျောင်းဖြင့် စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ပေါ်ရှိ ဒီပါရုံဘုန်းတော်ကြီးကျောင်းနှင့် မဟာသိဝံကျောင်းတိုက်တို့၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည်ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့တက်ရောက်သည်။ အခမ်းအနားတွင်T.K.Wကုမ္ပဏီမှ ဦးထွန်းထွန်းစိန်က အလှူငွေ ကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅)အမှတ်(၁၆)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၇

ခုတစ်ပတ် သတင်းဂျာနယ်တွင် သဘာဝဘေးအန္တရာယ် ကားလမ်းမကြီးများ ဖောက်လုပ်မည်၊ ရန်ကုန်တောင်ပိုင်းခရိုင်တွင် မိုးစပါးဧက ၇၉၀၀၀၀ ကျော်လျာထားစိုက်ပျိုး၊ လေဘေးသင့်ပြည်သူများအတွက် အမြဲတမ်းနေအိမ်များ စတင်ဆောက်လုပ်၊ လေဘေးသင့်ဒေသ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ၊ အောင်လံ ကုလားပဲစိုက်တောင်သူများ ပြုံးနိုင်ကြပြီ၊ နယ်စပ်မှ သရက်သီးတန်ချိန် ၁၀၀၀ ကျော်တင်ပို့နိုင်၊ လေဘေးသင့်ဒေသ ပြန်လည်ထူထောင်တည်ဆောက်ရေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည့် သတင်းမှတ်တမ်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ် အသီးသီး၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီသည့် အဖွဲ့အစည်းများ၏ သတင်းမှတ်တမ်းများ အပါအဝင် မိုးလေဝသနှင့်စစ်ပွဲများ(ဘုန်းမြင့်ဆွေ)၊ ဖြေဆေးများ (ကိုကို-ကျိုက်ဝိုင်းသား)၊ မိုးစင်စင်လင်းပြီ (ဇော်နိုင်ဝင်း-ကျိုက်လတ်) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး (လှမြင့်-ရန်ကုန်တက္ကသိုလ်)၊ မာနတက်ပျက် (သန်းထက်စံ) အစရှိသည့် ဆောင်းပါးများနှင့် နိုင်ငံတကာ စီးပွားရေးသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဆက်သွယ်နိုင်

စိမ်းလဲ့ရွှေပြည်ဂျာနယ် ရရှိနိုင်သောနေရာများမှာ စာပေဗိမာန် စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော ဆေးဝါးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Bansarn Bunnag က ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

လေဘေးသင့်ဒေသများအတွက် ထိုင်းနိုင်ငံအစိုးရမှ ဆေးဝါးများလှူဒါန်း

ရန်ကုန်   ဇူလိုင်   ၁၇

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ထိုင်းနိုင်ငံအစိုးရမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးများလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာ အထူးကုဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံး၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော ဆေးဝါးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Bansarn Bunnag က ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အတွင်းရှိ ရေလုပ်သားများ အတွက် ရေလုပ်ငန်းသုံးပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်စဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်တွင် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ အင်ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်း၊ ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဟံ၊ ဒေးဒရဲမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသိန်းထိုက် အဖွဲ့တို့က ဒေးဒရဲမြို့နယ်အတွင်းရှိ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများဖြစ်သောလှေ၁၄၄စင်း၊ မြင်းကောင်ရေ ၆ ဒသမ ၅ ရှိ အင်ဂျင်နှင့် အထိုင်အစုံ ၁၅၀၊ လှော်တက်အချောင်း ၂၀၀၊ ကျားပိုက်နှင့် ဆက်စပ်ပစ္စည်းအစုံ ၂၅ ဖုံ၊ ဘဝင်းပိုက် ၁၇ ဖုံ၊ ငါးသလောက်ပိုက် အဖုံ ၄၅၀၊ သုံးထပ်ပိုက် အဖုံ ၁၀၇၀၊ ကွင်းတားပိုက်မီတာ ၄၀၀ အဖုံ ၂၀၀၊ ကွင်းတားပိုက် မီတာ ၂၀၀ အဖုံ ၄၀၀၊ ပိုက်ကွန် ၃၁၂ လက်၊ ရင်တွန်းပိုက် အလက် ၃၀၀၊ဘော့သီး ၉၀၀ တို့ကို ရေလုပ်သားများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ကန့်ဘလူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ကန့်ဘလူအသင်း(ရန်ကုန်)၏ ရှစ်ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ဗဟန်း ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာမွေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြည်ညိုကြရန် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ သီးသန့်ဆွမ်းအလှူရှင်နှင့် ဧည့်ခံကျွေးမွေးလိုသူများ၊အသင်းဝင်များ၏၇၅နှစ်နှင့်အထက်မိဘများ၊၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသောအသင်းဝင်များ၏သား၊ သမီးများသည် ဥက္ကဋ္ဌဦးသောင်းစိန် ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄၊အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၀၉-၅၁-၃၂၁၁၇နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးမောင်(ငြိမ်း) ဖုန်း-၆၁၁၁၄၁ တို့သို့ ဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

သတင်းဆောင်းပါး
မောင်တင်လှိုင်(ဟိုတယ်/ခရီး)

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုနှင့် ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်ကျွန်းသို့လည်းကောင်း၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့မှ ၁၇၁ မိုင်ဝေးကွာသော လပွတ္တာမြို့သို့ အပြင်လမ်းခရီးဖြင့်လည်းကောင်း သွားရောက်ခဲ့ရာတွင် စာရေးသူလည်း လိုက်ပါခွင့်ရခဲ့ပါသည်။

ထိုကဲ့သို့ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံခဲ့ရသည့် နေရာဒေသများအား ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှလည်း ပါဝင်ပြီး သင်္ဘောများ၊ ဆိပ်ခံတွဲများ ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပြီး ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကိုလည်း သင်္ဘောများ၊ ဇက်ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စက်ရှိ/စက်မဲ့ရေယာဉ် ၅၀၅ စင်းကို

ပပဝင်း ဆေးရုံသင်္ဘောအား တွေ့ရစဉ်။

အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့မှ လပွတ္တာမြို့အတွင်း ဆိပ်ခံတွဲအသစ် ချထားမှုများကို စစ်ဆေးရန်၊ မုန်တိုင်းဒဏ်ကြောင့် ဝေပုလ္လရေယာဉ် လပွတ္တာမြို့တွင် ကမ်းတင်နေမှုအခြေအနေများကို စစ်ဆေးရန်၊ ကမ်းချနေမှုများကို စစ်ဆေးညွှန်ကြားရန်၊ ကမ်းချပြီးဖြစ်သော လပွတ္တာဆိပ်ခံတွဲဟောင်း တခ-၁၃ ကို စစ်ဆေးရန်၊ ကန်ဘက်၊ ဘီတွတ်ကျေးရွာတို့၏ ကုန်စိမ်း၊ ရေထွက်ပစ္စည်း၊ ဆန်စပါးများ၊ ကုန်တင်ဆောင်နိုင်မှု အခြေအနေများကို စစ်ဆေးရန်၊ ရန်ကုန်-လပွတ္တာအပြင်လမ်း၏ ရေယာဉ်ရပ်နားဆိုက်ကပ်ရာမြို့များ၏ ဆိပ်ကမ်းအခြေအနေ၊ ကုန်တင်ကုန်ချ အခြေအနေများကိုစစ်ဆေးရန်၊ ဆေးရုံသင်္ဘော၊ ဘုရင့်နောင်ရေယာဉ်ကို စစ်ဆေးရန်နှင့် လိုအပ်သည်များအားအားပေးဆောင်ရွက်ရန် သွားရောက်ခြင်းဖြစ်သည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် နေရာများသို့ ပုဂ္ဂလိကစေတနာရှင်များ၊ ကုမ္ပဏီများ၊ ပြည်နယ်နှင့်တိုင်းများမှပြည်သူများ၊ ဌာနဆိုင်ရာများက စိတ်စေတနာကောင်းဖြင့်ပါဝင်၍ နေ့မအား ညမနား ကူညီဆောင်ရွက်သည်ကို တွေ့မြင်ခဲ့ရသည်။

အသုံးပြုလျက် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် သယ်ယူပို့ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်ခရီးသည် ပျမ်းမျှ ၂၅ သန်းနှင့် ကုန်တန်ချိန် ပျမ်းမျှ လေးသန်းခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မူလရည်မှန်းချက်မှာ ခရီးသွားပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်ရေးနှင့် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းဖြင့် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေးတို့ဖြစ်သည်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ခရီးသည်/ကုန်တင်ဆောင်မှုအတွက် ခရီးသည်တစ်ဦးတစ်မိုင် သုံးကျပ်၊ ပြား ၈၀နှုန်း၊ ကုန်တစ်တန် တစ်မိုင်ခြောက်ကျပ်နှုန်းနှင့် ကူးတို့လမ်းတွင် ခရီးသည် တစ်ဦးကျပ် ၁၀ နှုန်းစသည်ဖြင့် အလွန်သက်သာသည့် နှုန်းထားများဖြင့် ပြေးဆွဲလျက်ရှိသည်။

မေလ ၂ရက်နေ့နှင့် ၃ရက်နေ့တို့တွင် လေမုန်တိုင်းကျရောက်ခဲ့ပြီးနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင် ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် မဆုံးရှုံးသင့်သည်များကို မဆုံးရှုံးရအောင် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။

ဇွန်လ ၂၁ ရက်နေ့က လပွတ္တာမြို့နယ် ကကရံကျေးရွာသို့ ဆိုက်ကပ်ရောက်ရှိလာသည့် မေခသင်္ဘောသို့စာရေးသူသွား ရောက်ကြည့်ရှုခဲ့သည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ရန်ကုန်မှ လပွတ္တာမြို့နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သင်္ဘောများ ရာနှုန်း ပြည့် ပြေးဆွဲပေးနိုင်ရန် ဆိပ်ခံတွဲများ ချပေးနိုင်ခဲ့သည်များကို စစ်ဆေးဆောင်ရွက်ခဲ့သည့်အတွက် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ လွယ်လင့်တကူ ဆိုက်ကပ်နိုင်ခြင်း၊ ထောက်ပံ့ထူထောင်ရေးကုန်ပစ္စည်းများ လျင်မြန်စွာ တင်ချနိုင်ခြင်း၊ ကုန်စည်များ လေလွင့်ပျက်စီးမှုမှ ကာကွယ်နိုင်ခြင်း၊ အဆောက်အအုံရှားပါးချိန်ကာလ၌ သိုလှောင်ရုံအဖြစ် အသုံးပြုနိုင်ခြင်း စသည်တို့ကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဆောင်ရွက်နေကြောင်း သိရှိခဲ့ရပါသည်။ ဇွန်လ၄ ရက်နေ့မှစ၍ သင်္ဘောခရီးစဉ်များကို ပြန်လည်ပြေးဆွဲ ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကြိုတင်ရေးဆွဲထားသည့် လုံခြုံရေးစီမံချက်ပါအတိုင်း စနစ်တကျကြိုတင်ပြင်ဆင်ထားကြရန် ညွှန်ကြားထားခဲ့သည့်အတွက် မုန်တိုင်းကာလ၌ နေ့ည ခရီးသည်လိုင်း ၂၄ လိုင်းတွင် ပြေးဆွဲလျက်ရှိသော ရေယာဉ်များတွင် ခရီးသည်တစ်ဦး တစ်ယောက်မျှ ဆုံးရှုံးမှုမရှိခြင်း၊ ကုန်ပစ္စည်းများ ဆုံးရှုံးမှု မရှိခြင်းသည် မှတ်တမ်းတင်ရမည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်အခြေပြု စက်ရှိစက်မဲ့ ၃၃၈ စင်းရှိသည့်အနက် နစ်မြုပ်ရေယာဉ် ၃၆စင်း၊ နစ်မြုပ် ဆိပ်ခံတွဲလေးစင်း၊ ကမ်းတင်ရေယာဉ် ၃၂ စင်း စုစုပေါင်း ၇၂စင်းရှိ ရာ မုန်တိုင်းတိုက်ခတ်ပြီး နာရီပိုင်းအတွင်း ရေယာဉ်/တွဲယာဉ်များ ပြန်လည် ဆယ်တင်ရေးလုပ်ငန်းများ ချက်ချင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မေလ ၆ ရက်နေ့တွင် ရေဘေးကယ်ဆယ်ရေးအတွက် သင်္ဘောပေါင်း ၂၈ စင်း၊ ခေါက်ရေပေါင်း ၃၅ ခေါက်၊ တန်ချိန်ပေါင်း ၂၅၆၂ ဒသမ ၅ တန်ကို လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ပုသိမ်၊ ဟင်္သာတမြို့များသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။ ရေယာဉ်၊ တွဲယာဉ်နှင့် ဆိပ်ခံတွဲများအား ဖော်ယူခြင်း၊ ကမ်းချခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ အားလုံးဖော်ယူနိုင်ခဲ့ကြောင်း သိရပါသည်။

ရန်ကုန်-လပွတ္တာတွင် ဝေသန္တရာသင်္ဘောနှင့် ဘုရင့်နောင်သင်္ဘော၊ ရန်ကုန်၊ ဘိုကလေးတွင် တိုင်းအေးနှင့် ပုဏ္ဏားပျံသင်္ဘော၊ ရန်ကုန်-ဖျာပုံတွင် တတိုင်းမွှေးနှင့် ပဒုမ္မာသင်္ဘော၊ မော်လမြိုင်ကျွန်းသို့ ပပဝင်းသင်္ဘောများအား ဆေးရုံ သင်္ဘောအဖြစ် စေလွှတ်ခဲ့သည်။ ရခိုင်ပြည်နယ် မှ ရေငန်ဒဏ်ခံမျိုးစပါး ၁၀၂၅၂ တင်းကို ဧရာဝတီတိုင်း လေဘေးဒဏ်ခံရသည့် ဒေသများသို့ ဌာနပိုင်သင်္ဘော များဖြင့် ပေးပို့နိုင်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ခရီးသွားပြည်သူများ လူမှုရေး၊ ကျန်းမာရေး အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ၌လည်း ပါဝင်အကျိုးပြုလျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ဆိပ်ခံတွဲအား တွေ့မြင်ရစဉ်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်နေသော သဃ်န်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဇာဝေယာလမ်း အကျယ် ၁၄ ပေ၊ အရှည် ပေ ၇၅၀ ကွန်ကရစ်လမ်းခင်းရန် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က (င/က)ရပ်ကွက် ခြံ အမှတ်(၁) အပိုလိုဆေးတိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးလှဝင်းနှင့် ကော်မတီအဖွဲ့ဝင်များထံ အလှူရှင် ဦးတင်ရွှေ(အပိုလိုဆေးတိုက်ပိုင်ရှင်)က အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (၅၀၆)

ဇူလိုင် ၁၇ ရက်(ဝါဆိုလပြည့်နေ့)က မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရွှေဟောင်းသမိုင်းဝင် ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး ဘက်စုံမွမ်းမံပြုပြင်ရေး အလှူငွေကျပ် ၈၇ သိန်း ပေးအပ်ပွဲကို သိမ်တော်ကြီးအတွင်းပြုလုပ်ရာ ဗဟန်းမြို့နယ်နေ ဦးထွန်းထွန်းလင်း-ဒေါ်ဖြူဇာသွယ် မိသားစုက လှူဒါန်းငွေ ၁၇၂၈၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို လက်ခံယူစဉ်။ (၃၂)

ဦးတင်အောင်(ခ) ဦးမန်းနီး သုံးလပြည့်အား ရည်စူး၍ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာနေ ဒေါ်တင်မြ၊ သား-ဝေဖြိုးဟန်၊ ဇော်ဝဏ္ဏ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပထမအကြိမ် မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ ပထမအကြိမ်မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်တပ်ကုန်း ဆရာစံရပ်ကွက် ကျောင်းသစ် ကျောင်းတိုက်ရှိ ဝေဇယန္တာဓမ္မာရုံကြီး၌ ကျင်းပရာ ကျောင်းသစ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဇနီး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာ များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အရာထမ်း၊အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ မန်နေဂျာများ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ ကုမာရထံမှ ပရိသတ်တို့က ရေစက်ချအနုမောဒနာ တရားနာကြားကြ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကိုးပါးသီလ ခံယူဆောက်တည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပထမ အကြိမ် မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ ကိုးမိုင် မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယနေ့ နံနက် ၈နာရီက မဟာစည်ဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီ အဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်ကဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဘွဲ့ ကဗျာများကို ညီညာဖြိုဖြို ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင် မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဇ(အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာ တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ တစ်ဦးချင်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ဆွမ်းပဒေသာ အလှူရှင် ဦးသာဌေး - ဒေါ်ကြည်ကြည်ခင် မိသားစု စသော အလှူရှင်များအား ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာများ ချီးမြှင့်သည်။ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၌ ဇူလိုင် ၁၆ရက်က ကျောင်းအုပ်ဆရာမ ကြီး ဒေါ်ခင်ထားဝင်း၊ ကျောင်းအကျိုးတော်ဆောင်များမှ မြို့မဇေယျဝတီ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးပညာဝံသထံ ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်စဉ်။ (မြို့နယ်စာနယ်ဇင်း)

တာမွေမြို့နယ် နတ်ချောင်း ရပ်ကွက်ရှိ သာသနာ့ဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၃) ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၃ရက် နံနက် က ကျင်းပရာ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒက လှူဒါန်းမှု အစုစုအတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၄၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း" အပိုင်း (၈၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ **လယ်တီဆရာတော် ကြီး၏ ထေရုပ္ပတ္တိ အပိုင်း(၂)**
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၃၁)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ချင်းတွင်းမြစ်ရေ ကျဆင်း၊ ဧရာဝတီမြစ်ရေ ကျဆင်းမည်

(၂၀၀၈ ခုနှစ် ဇူလိုင် ၁၇ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေ မှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်နာရီလျှင် ၀ ဒသမ ၅စင်တီ မီတာနှုန်းဖြင့် မြင့်တက်နေပြီးစိုးရိမ်ရေမှတ်အထက် ၁၅စင်တီမီတာ ၁ ဒသမ ၂ပေခန့် ကျော်လွန်နေသော်လည်း အဆိုပါမြစ်ရေသည် ဇူလိုင် ၁၈ရက်မှ စတင် ကျဆင်းနိုင်ပြီး ယနေ့မှစ၍ နောက်လေးရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထား ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန် ထားသည်။

(သတင်းစဉ်)

ဓမ္မစကြာအခါတော်နေ့

ဦးကျော်စိန် (မန္တလေး)

ဝါဆိုလပြည့်နေ့သည် မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်၌ **"သန္ဓေတော ထွက် ဓမ္မစက် မိန့်မြွက်သံချို လဝါဆို"** ဟူသော လင်္ကာအရ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါ်ဓနမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်ဝယ် ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ ပဋိသန္ဓေ တည်နေတော်မူပါသည်။

ထို့နောက် ဖွားမြင်တော်မူပြီး သက်တော် ၂၉ နှစ်အရွယ် မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့၌ တောထွက်တော်မူပါသည်။ တောထွက်ပြီး ရဟန်းပြုကာ အလွန်တရာကျင့်ရန် ခက်ခဲသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံး အပြင်းအထန် ကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်တော်မူပါသည်။ မြတ်စွာဘုရားရှင်သည် သတ္တဌာနတို့၌ သတ္တသတ္တာဟ (၇)ရက် (၇)ရက်စီ (၄၉)ရက် တရားဓမ္မဖြင့် မွေ့လျော်တော်မူပြီး သဟမ္ပတိဗြဟ္မာမင်းကြီး၏ တရားဟောတော်မူရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူပါသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့၌ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ငါးယောက်အစု ပဉ္စဝဂ္ဂီတို့နှင့်တကွ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာအပေါင်းတို့အား တရားဦး သာသနာပြု တရားဟောကြားရန် မိဂဒါဝုန်တောသို့ ကြွတော်မူပါသည်။ ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေမင်းကြီးကလည်း အနောက်ဂေါယာကျွန်း၌ မေးတင်၍ ရွှေရောင်တောက်လျှက် နီနီဝိုင်းဝိုင်းအလုံးကြီးရှိဆဲ၊ လမင်းကြီးကလည်း အရှေ့လောကဓာတ်မှ ငွေရောင်တောက်လျှက် ဝင်းဝင်းဝိုင်းဝိုင်း အလုံးကြီး ထွက်ပေါ်စအချိန်၌-

"ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ. . . "

အစရှိသော တရားဦးသာသနာပြု ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။ ဤကဲ့သို့ မြတ်စွာဘုရားရှင် ဓမ္မစကြာဒေသနာတော် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ လယ်တီဆရာတော် ဘုရားကြီးက-

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်း ကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို" ဟူ၍ ရေးသား ပူဇော်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူ့အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ် ကပ်ရောက်ပြီးသူတိုင်း ကာမဂုဏ် ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် (ကာမသုခလ္လိကာ နုယောဂ)နှင့် မိမိ၏ ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် (အတ္တကိလ မထာနုယောဂ)ဟူသည့် အစွန်းတရားနှစ်ပါးသည် လောကမှထွက်မြောက်ရေးအတွက် အကျိုးမပြီး၊ အချည်းနှီးသော အကျင့်များဖြစ်ကြ၏။ ထို့ကြောင့် ထိုအစွန်းတရားနှစ်ပါးကို မမှီဝဲရန် ဟောကြားတော်မူပါသည်။

မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟူသည်- **အမြင်မှန်ရရန် အားထုတ်ခြင်း (သမ္မာဒိဋ္ဌိ)၊ ကောင်းမြတ်သော ကုသိုလ်အကြံအစည်များ ကိုသာ ကြံစည်ခြင်း(သမ္မာသင်္ကပ္ပ)၊ ကောင်းမြတ်သောစကားကိုသာ ပြောဆိုခြင်း (သမ္မာဝါစာ)၊ ကောင်းသောအပြုအမူကိုသာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)၊ အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေး ခြင်း (သမ္မာအာဇီဝ)၊ မှန်ကန်သော၊ မြတ်သော အားထုတ်မှုကိုသာ ပြုလုပ်ခြင်း (သမ္မာဝါယမ)၊ မှန်ကန်သောအမှတ်ရမှု၊ သတိရမှုကိုပြုလုပ်ခြင်း (သမ္မာသတိ)၊ မှန်ကန်သော စိတ်တည်ကြည်မှု သမာဓိဖြစ်ရန် ကြိုးစားခြင်း (သမ္မာသမာဓိ) ဟူသော အကျင့်မြတ်ပင်ဖြစ်သည်** ဟု ဟောကြားပါသည်။

ဤမဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ကျင့်ကြံအားထုတ်မှသာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ပြီး နောက်ဆုံး၌ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်ရခြင်းဟူသော အကျိုးထူးကို ဧကန်မုချ ရရှိမည်ဖြစ်၏ဟု ဟောကြားတော်မူပါသည်။

ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသည့်အဆုံး၌ အရှင်ကောဏ္ဍညသည် ပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ သောတာပန်အရိယာ အဖြစ်သို့ ရောက်ရှိကာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်ကို ရလိုပါကြောင်း တောင်းပန်လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က "ဧဟိဘိက္ခု"ခေါ်တော်မူကာ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊ သံဃာရတနာ စတင်ပေါ်ပေါက်သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦး ဒေသနာတော် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ဝါဆိုလပြည့်နေ့ကို "ဓမ္မစကြာအခါတော်နေ့"အဖြစ် သတ်မှတ်ကာ မြို့ရွာဒေသ အနှံ့အပြား၌ ဓမ္မစကြာရွတ်ဖတ် ပူဇော်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။

တစ်ဖန် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ အရှင်ဝပ္ပသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ အရှင်ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ အရှင်မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အရှင်အဿဇိသည်လည်းကောင်း အသီးသီး သောတာပန်အရိယာအဖြစ်သို့ ရောက်ရှိကြပြီး ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရရှိပါသည်။ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ **"အနတ္တလက္ခဏဒေသနာတော်"** ကို ဟောကြားတော်မူပါသည်။ ထိုအနတ္တလက္ခဏဒေသနာတော်၌ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တဖြစ်ပုံတို့ကို ပြတ်ပြတ် သားသား၊ ထင်ထင်ရှားရှား သိမြင်နိုင်ရန် ဟောကြားတော်မူပါသည်။ အနတ္တလက္ခဏဒေသနာတော်ကို ကြားနာရပြီး ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်၍ နွေဥတု၊ မိုးဥတု နှစ်ဥတုလုံး၌ ပါဝင်သည်။ ဝါဆိုငယ်မှ ဝါခေါင်ရေဖောင်ဖောင်နှင့် ရွာတောင်က 'ချောင်း'ဟူသော အိုင်ချင်းနှင့်အညီ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေပြည့်လျှံနေသည် ကို မြင်ရ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ခရီးသွားလာခြင်းမပြုဘဲ သီတင်းသုံးရာကျောင်း၌ နေထိုင်ရန် ပညတ်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်အဓိပ္ပာယ်ကို ရဟန်းတော်များ မိုးသုံးလအတွင်း ကျောင်း၌နေပါမည်ဟု ရွတ်ဆိုသောလဟူ၍လည်းကောင်း၊ ရဟန်းသံဃာများ မိုးသုံးလပတ်လုံး အခြားအရပ်သို့ ညဉ့်အိပ်မသွားဘဲ ဤကျောင်း၌ နေပါမည်၊ မိုးခိုပါမည်ဟု ရွတ်ဆိုသောလ ဟူ၍လည်းကောင်း အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြသည်။

ရှေးရှေးသော မြန်မာဘုရင်များလက်ထက်က ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပွဲ ကျင်းပဆင်နွှဲခဲ့ကြသည်။ ဤကဲ့သို့ ကျင်းပခြင်းသည် ဝါဆိုလပြည့်နေ့၌ မြတ်စွာဘုရား သာသနာတော်တွင် ပထမဆုံး ရဟန်းဖြစ်တော်မူသော အရှင်ကောဏ္ဍညမထေရ်၏ "ဧဟိဘိက္ခု"ရဟန်းဖြစ်သည့်နေ့ဖြစ်ခြင်း၊ ရှင်ပြု ရဟန်းခံပြီးသည်နှင့် တစ်ပြိုင်နက် ဝါဆိုရန် အဆင်သင့် ဖြစ်ခြင်း၊ နယုန်လ စာတော်ပြန်ပွဲအောင်သူများကို ပဉ္စင်းခံ ရှင်ပြုရန် အဆင်ပြေခြင်းစသော အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ဤသည့်ကာလ ဝါဆိုလတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အနေဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးပွားတိုးစေ၍ နိဗ္ဗာန်တိုင်ထောက် ရောက်စေနိုင်သော မြတ်ဗုဒ္ဓ၏ဓမ္မစကြာတရားဦးဒေသနာနှင့် အနတ္တလက္ခဏဒေသနာတို့ကို ရွတ်ဆိုပွားများ နာကြားအားထုတ်ကြကုန်လျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေကြောင်း နှိုးဆော်တင်ပြရပါသည်။ ။

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူ့အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ် ကပ်ရောက်ပြီးသူတိုင်း ကာမဂုဏ် ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် (ကာမသုခလ္လိကာ နုယောဂ) နှင့် မိမိ၏ ခန္ဓာကိုယ်နှင့်စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် (အတ္တကိလ မထာနုယောဂ) ဟူသည့် အစွန်းတရား နှစ်ပါးသည် လောကမှထွက်မြောက်ရေးအတွက် အကျိုးမပြီး၊ အချည်းနှီးသော အကျင့်များဖြစ်ကြ၏။ ထို့ကြောင့် ထိုအစွန်းတရားနှစ်ပါးကို မမှီဝဲရန် ဟောကြားတော်မူပါသည်။

လောကလမင်း လင်းသည့်ချိန်

* မိဂဒါဝုန်၊ သာမျိုးစုံ၏
ရဂုံမြိုင်လုံး၊ ရှုမဆုံးအောင်
ပုန်းညက်ဖွေးစို၊ ပျံ့သင်းချိုသည့်
ဝါဆိုညချမ်း၊ အလှဆန်းစွ
လစန်း သီတဂူ၊ ဤဇမ္ဗူသို့
ကြည်ဖြူဝင်းပ၊ အလင်း ဌစဉ်
ဓမ္မစကြာ၊ ဒေသနာကို
မြတ်စွာဗုဒ္ဓ၊ ရွှေနှုတ်မှလျှင်
ဟောပြအထူး၊ တရားဦးကို
ညွှတ်နူးရှင်ပျ၊ ပန်ဆင်ရသည်
ပဉ္စဝဂ္ဂီ ငါးဦးတည်း။

* ဓမ္မစကြာ၊ ဒေသနာကား
သစ္စာလေးပါး၊ မြတ်တရားကို
ထင်ရှား လူနတ်၊ မြင်စေအပ်သည်
အမြတ် ခေါင်ဖူး၊ တရားဦးတည့်
ညစ်ညူး ဘိရာ၊ ကိလေသာနှင့်
ဇာတိ စသား၊ ဒုက္ခများတို့
မြစ်ဖျားခံရာ၊ ကြောင်းရင်းမှာလျှင်
တဏှာ အစစ်၊ ဧကန်ဖြစ်၏
မဇ္ဈိမ ပဋိပဒါ၊ မဂ်ရှစ်ဖြာဖြင့်
ဇာတိဒုက္ခ၊ ချုပ်ငြိမ်းရအောင်
ပယ်ရမည်မှာ၊ ထိုတဏှာဟု
ကောင်းစွာ ပြဋ္ဌန် ခဲ့ခြင်းတည်း။

* "သြော်... ကာမသုခလ္လိက၊ အတ္တကိလမထ
စွန်းစ နှစ်ပါး၊ မလိုက်စားဘဲ
ရှစ်ပါး မဂ်၏၊ ဉာဏ်မျက်စိဖြင့်
မဇ္ဈိမ ပဋိပဒါ၊ မြတ်ဓမ္မာကို
ကောင်းစွာမြင်သိ၊ ဆင်ခြင်ဘိ"ဟု
အရိယ သစ္စာ၊ ထွန်းလင်းလာအောင်
မဟာကရုဏာတော်၊ မေတ္တာတော်ဖြင့်
ဟောဖော်ညွှန်ပြ၊ မြတ်ဗုဒ္ဓအား
ပဉ္စ ဝဂ္ဂီ၊ စသည်ဝင်ပါ
ဗြဟ္မာ နတ်အပေါင်း၊ ခြိမ့်ခြိမ့်ညောင်းမျှ
ကောင်းချီးတူမျှ၊ ပူဇော်ကြသည်
လောက လမင်း လင်းချိန်တကား။ ။

မြင်းမှုမောင်နိုင်မိုး

ကျိုးသဲနယ်လုံးဆိုင်ရာ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

ကျေးဇူးတော်ရှင် ကျမ်းပြုအကျော် ကျိုးသဲလေးထပ်ဆရာတော်ကြီး၏ ဖွားမြင်ရာဇာတိဖြစ်သော ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့နယ်၊ ကျိုးသဲနယ်အတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အပါး၁၆၀ ကျော်နှင့် သီလရှင်ဆရာကြီး ၁၅ပါးတို့အား ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၄ရက် (ကြာသပတေးနေ့)တွင် ကျိုးသဲမြို့၌ နဝမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့်ဝတ်စုံလှူဒါန်းမည် ဖြစ်ပါသောကြောင့် ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များနှင့် ကျိုးသဲသူ၊ ကျိုးသဲသားများသည် အရှင်ကုဏ္ဍလ(ကျိုးသဲ)၊ ပဥ္စနိကာယသာသနာ့ဗိမာန်၊ ကံဘဲ့၊ ရန်ကင်း၊ ဖုန်း-၀၉၅၂ ၃၁၆၄၈၊ ဒေါ်နီနီအေး၊ ဖုန်း-၀၉၅၁ ၅၉၀၁၂၊ ကျိုးသဲမြို့၊ ဖုန်း-၀၅၃ ၄၀၂၈၆ ထံ ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ဇူလိုင် ၁၄ ရက်က မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာ ကွင်းအမှတ်(၈၀၂) တောင်သူ ဦးအောင်သန့်ဇင် လယ်ယာမြေကွက်တွင် မိုးစပါးအစို ဘောင်ပျိုးစနစ် သရုပ်ပြပွဲကို ကြည့်ရှုလေ့လာစဉ်။ (၁၀၇)

ဆက်ကပ်လှူဒါန်း

မရမ်းကုန်းမြို့နယ်ဘုရင့်နောင် ဈေးကြီး ပဋ္ဌမအကြိမ်မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်က ဈေးသာယာရေးအဖွဲ့ရုံး၌ ကျောင်းပရာ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှ စာချဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌထံ ဘုရင့်နောင် ဈေးကြီး ဝါဆိုသင်္ကန်းကပ်လှူရေးကော်မတီ ဥက္ကဋ္ဌဦးလှအေး၊ ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ဈေးသူ၊ ဈေးသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကော့မှူးမြို့နယ် ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီတွင် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ သော်တာဝင်းဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ ကျိုက်မှန်ထိုဘုရားသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်းများ ပြန်လည်ပြုပြင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီး လက်ခိုက်ကျေးရွာ ညမ်းကျောင်းဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်လှေများဖြင့် ဝါးဘလောက်သောက်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရှိ အထက်တန်းကျောင်း ပြန်လည်ပြင်ဆင်ပြီး၍ စာသင်ဆောင်များ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာသင်ခုံများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ကျေးရွာအတွင်း ပြန်လည်ပြုပြင်ပြီးဖြစ်သော တိုက်နယ်ဆေးရုံနှင့် ပြုပြင်ရန်ကျန်ရှိနေသော သာသနိက အဆောက်အအုံများကို အမြန်ပြုပြင်ဆောင်ရွက်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်လှေများဖြင့် ဆက်လက်ထွက်ခွာကာ ထန်းမနိုင်ကျေးရွာ အထက်တန်းကျောင်းခွဲ ပြန်လည်ပြင်ဆင်ပြီးဖြစ်သည့် စာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (အား/ကာ)

လက်ခံရယူ

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား အဆင့်မြင့်မွမ်းမံ စီမံကိန်းအတွက် အလုံမြို့နယ် ကမ်းနားလမ်း မင်္ဂလာဆင်မင်းအိမ်ရာ တိုက်(၄) နေ ဦးမောင်မောင်စိန်-ဒေါ်စန်းစန်းကြည်၊ သား၊ သမီး မြေးတစ်စုက ဇူလိုင် ၁၃ ရက်တွင် အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘုန်းမြင့်နှင့် ဦးအောင်သိန်းတို့ လက်ခံယူစဉ်။ (၀၄)

မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံမဝင် ပြသဆဲ "ဟော့ရှော့" ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၁၈ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဟာသဇာတ်ကား **"ဟော့ရှော့"** တစ်ကားတည်းသာ သမ္မတရုံ တစ်ရုံတည်း၌ ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် တောင်ပေါ်သားလူရိုင်းမျိုးနွယ်စုဝင်များနှင့် စစ်ဘုရင်များအကြောင်း ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော 10000 BC ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး၊ ရွှေဆောင်ရုံတွင် ဟောလိဝုဒ်နာမည်ကြီး သရုပ်ဆောင် ဟယ်ရီဆင်ဖို့ဒ် ပါဝင်သရုပ်ဆောင်ထားသော INDIANA JONES-4 AND THE KINGDOM OF THE CRYSTAL SKULL ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် လက်နက်လုပ်ငန်းရှင် သူဌေးကြီးတစ်ယောက်အား အကြမ်းဖက်ဂိုဏ်းမှ ပြန်ပေးဆွဲမှုကို ကယ်တင်ရပုံအား ဇာတ်လမ်း ဖွဲ့ ရိုက်ကူးထားသည့် IRON MAN လျှို့ဝှက်စွန့်စားမှု အသားပေး ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

မကြာမီ ရုံတင်ပြသတော့မည့် မြန်မာဇာတ်ကားသစ် ရင်ခုန်နှင်းဆီမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်။

အိန္ဒိယရုပ်ရှင်

သွင်ရုံတွင် အနာဂတ်ကို ကြိုမြင်ပြီး သွားရောက်နိုင်သော TIME MACHINE တီထွင်နိုင်ခဲ့သူ ပညာရှင်တစ်ဦး၏ စက်အစွမ်းကြောင့် ၂၀၅၀ ပြည့်နှစ်သို့ ရောက်သွားသူများအကြောင်းကို ရိုက်ကူးထားသည့် LOVE STORY အင်္ဂလိပ်စာတန်းထိုး အိန္ဒိယသီပွဲဇာတ်ကား ပြသမည် ဖြစ်သည်။

မြို့လယ်ဆုထူးပန်ရုံတွင် အိန္ဒိယတောင်ပိုင်းမှ နာမည်ကျော် သရုပ်ဆောင်များ ပါဝင်ထားသည့် Villan စွန့်စားမှုအသားပေး အိန္ဒိယအချစ်ဇာတ်ကား၊ မြို့မအဆင့်မြင့်ရုံတွင် နာမည်ကြီး အိန္ဒိယ မင်းသားချောရှာရွတ်ခန်း နှစ်ကိုယ်ခွဲပါဝင် သရုပ်ဆောင်ထားသည့် Duplicate ပုံတူလူသားဇာတ်ကားနှင့် ဘုရင်ရုံတွင် အမျိုးသားတစ်ဦးတည်းကို ပြိုင်တူချစ်မိကြသော မိန်းကလေးငယ်နှစ်ဦး၏အဖြစ်အပျက်ကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသည့် HAR Dil Jo Pyar Karega အချစ်ဇာတ်ကားများ ပြသမည်ဖြစ်သည်။

ရင်ခုန်နှင်းဆီ

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှဒါရိုက်တာအောင်ဆွေ မြန်မာရိုက်ကူးသော **ရင်ခုန်နှင်းဆီ** ဇာတ်ကားမှာ ဇူလိုင်နောက်ဆုံးပတ်တွင် ရုံတင်ပြသမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ကျော်သူ၊ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ မြတ်ကေသီအောင်နှင့် လှလှမိုးတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ (ကြေးမုံ)

၂၀၀၈ ခုနှစ် ဇွန်လတွင် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးအမှုများ

နေပြည်တော် ဇူလိုင် ၁၇

၂၀၀၈ ခုနှစ် ဇွန်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း ၁၉၂ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၈ မှု အလေးချိန် ၉၇ ဒသမ ၇၄၉၉ ကီလို၊ ဘိန်းဖြူ ၆၈ မှု အလေးချိန် ၂ ဒသမ ၅၅၅၁ ကီလို၊ ဘိန်းဆီ ၁၁ မှု အလေးချိန် ဒသမ ၃၆၄၅ ကီလို၊ အဆင့်နိမ့် ဘိန်း ၁၇ မှု အလေးချိန် ၁၈ ဒသမ ၇၁၇၁ ကီလို၊ ဆေးခြောက် ၁၁ မှု အလေးချိန် ၂ ဒသမ ၃၉၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ မှု ၁၆၀၈၂ ပြား၊ ဘိန်းစာမှုန့် ခြောက်မှု အလေးချိန် ၄ ဒသမ ၆၇၉ ကီလို၊ စိတ်ကြွဆေးမှုန့် အလေးချိန် ဒသမ ၀၀၁၃ ကီလို၊ ထရာမဒေါလ်ဆေးတောင့် ၁၃ တောင့်၊ ဓာတုဆေးမှုန့် တစ်မှု အလေးချိန် ၉၅၄ ဒသမ ၅ ကီလို၊ ဓာတုဆေးရည် အလေးချိန် ၂၂၀လီတာ၊ မှတ်ပုံတင်ပျက် နှစ်မှုနှင့် အခြားအမှု ခြောက်မှု ဖမ်းဆီးရရှိခဲ့သည်။

၂၀၀၈ ခုနှစ် ဇွန်လတွင် အမှုပေါင်း ၁၉၂ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၆၅ ဦး၊ မ ၆၄ဦး စုစုပေါင်း တရားခံ ၃၂၉ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါဆိုလပြည့်နေ့က ရွှေဘုန်းပွင့် စေတီတော်တွင် ကုသိုလ်ပြုသူများအား တွေ့ရစဉ်။

စိုးညွှန့်(ကြေးမုံ)

သီလယူ

ဝါဆိုလပြည့်နေ့က ရွှေဘုန်းပွင့် စေတီတော်တွင် ဘုရားဖူးသူများ၊ သီလယူသူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။

စိုးညွှန့်(ကြေးမုံ)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဘုရားပုထိုးစေတီကျောင်းကန်တို့၌ ဥပုသ်သီလဆောက်တည်သူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကား

ဝါဆိုလပြည့်နေ့က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားနေစဉ်။

စိုးညွှန့်(ကြေးမုံ)

ဝါဆိုလပြည့်နေ့က ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (၇၄)

ဝါဆိုလပြည့်နေ့က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးသူများဖြင့် စည်ကားနေစဉ် (အောက်ယာပုံ)နှင့် ဝါဆိုလပြည့်နေ့က ဗိုလ်တထောင်စေတီတော်ရှိ အသီသတိ ကြေးသွန်းဘုရားတွင် ကုသိုလ်ယူသူများအား တွေ့ရစဉ် (အောက်ပုံ)။ စိုးညွှန့်(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၄ တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

✳ ဆွမ်းဆန်တော်မှ

ကျောင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၂ တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် ငါးတိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိုင်ငံတော်ဩဝါဒါစရိယ တောတိုက် ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသောဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ IBTC ကုမ္ပဏီ (လှည်းကူး)က ငွေကျပ် ၁၀ သိန်း၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများက ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)က ငွေကျပ် ၃၆၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီ ပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးစိုင်းမျိုးဝင်းကျော် - ဒေါ်နန်းခင်မြင့်ရီ (မြစိမ်းတောင်ညိုကြက်ဆူနှင့် ကျွန်းအထူးစိုက်ခင်း - တိုက်ကြီး)၊ မြန်မာအာရှ အော့ပ်တစ်ကယ်နှင့် သုဓမ္မမဏိဇောတဓရ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါလ် တိုင်းရင်းဆေး)တို့က ငွေကျပ် သုံးသိန်းစီ၊ မင်္ဂလာဒုံမြို့နယ် ဆီကုန်သည်များအသင်း၊ ရန်ကုန်မြောက်ပိုင်း ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း)နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးတင်အောင် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှနွယ်၊ မင်္ဂလာဒုံမြို့နယ် ဆန်ကုန်သည်များအသင်း၊ သုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ငွေးငွေးညွန့် (BTB ကုမ္ပဏီ)နှင့် ဦးကြည်စိုး (ကေသီပန်ဆေးတိုက်)တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ (သား) ဦးရန်ရှင်း မိသားစု (United Winner Int'l Co., Ltd.) က ငွေကျပ် ၁၂၀၀၀၀၊ ဒေါ်စောတင် (ချိုမိသားစု စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး) က ငွေကျပ် ၁၁၀၀၀၀၊ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင်ရတနာ ရွှေဆိုင်၊ မင်္ဂလာဒုံဈေး)က ငွေကျပ် ၁၀၈၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၈၆၇၆၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မင်္ဂလာဒုံမြို့နယ်အတွင်း ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၂၈အိတ်၊ ၁၈ပြည်၊ ဆီ ၂၇၁ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၂၄၄၆ ပိဿာ၊ ပဲ ၄၈၉ ပိဿာ၊ ၂၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၄၉၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၆၈ ဘူး၊ ခဲတံ ဒါဇင် ၄၈၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၈၆၇၆၀၀၀ တို့ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိဘုန်းတော်ကြီး စာသင်တိုက် ၃၄ တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီလမ်းရှိ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်၌ ကျောင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းအခမ်းအနားသို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၃၄ တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများ၊ သီလရှင်စာသင်တိုက် ရှစ်တိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးဇေတဝန် စာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၂၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်း၊ ဦးမောင်မောင်ခဆွေအား ရည်စူး၍ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးစိုး မိသားစု (CEO၊ VP Focus Energy Co., Ltd.)က ငွေကျပ် သိန်း ၅၀၊ ဦးလင်းဝင်း-ဒေါ်ရီရီစိန် (လင်းဝင်းကုမ္ပဏီ)က ငွေကျပ် ၃၄သိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း - သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ဓနအောင်ကုမ္ပဏီ)နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း (လူမှုထူးချွန် တတိယဆင့်)-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ကျောင်းအမကြီး ဒေါ်မြနန်းနွယ် မိသားစုက ငွေကျပ် ရှစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)က ငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ)က ငွေကျပ် ၃၆၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-သုဓမ္မသိင်္ဂီဒေါ်လဲ့လဲ့ဝင်း (သီရိကုမ္မေကြွယ် ကြက်ဆူပင်စိုက်ပျိုးရေး)က ငွေကျပ် ၃၀၅၀၀၀၊ မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာ တိုက်ခန်း သာယာရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း(ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါးကုမ္ပဏီ)၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေး ကုန်တင်ယာဉ် ရပ်နားစခန်း အကျိုးဆောင်အဖွဲ့နှင့် ဦးခင်မောင်သန်း-ဒေါ်သိင်္ဂီနွယ်မိသားစု (သပြေမင်း ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်သုံးသိန်းစီ၊ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ပြည်သူများက ငွေကျပ် ၂၅၀၀၀၀၊ မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ပြည်သူများ၊ ဦးဇော်မင်းဦး-သီရိသုဓမ္မသိင်္ဂီ ဒေါ်ဝင်းဝင်းဌေး(ခ) မငယ်မိသားစု (အောင်ရတနာဝင်းဓာတ်မြေဩဇာပွဲရုံ)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သင်္ကန်းတိုက်)၊ ဦးသိုင်းဝင်း-ဒေါ်ငွေးငွေးညွန့် (BTB ကုမ္ပဏီ)နှင့် ဦးမောင်မောင် (ဂရိတ်ဝေါ တိုင်းဆေးဝါး ထုတ်လုပ်ရေး)တို့က ငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းနု (ဒေါ်နုပစ္စည်းငှားရမ်းရေး)၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း (သား) ဦးရန်ရှင်း (United Winner International Co., Ltd.) နှင့် သုဓမ္မမဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်အောင်မြတ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး မြောက်ဥက္ကလာပ)က ငွေကျပ် ၁၁၇၀၀၀၊ ဒေါ်လှလှ(လမ်းမတော်) က ငွေကျပ် ၁၁၁၀၀၀ အပါအဝင် စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၂၃၅၉၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်လွင်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် အိတ် ၇၃၀ ၁၈ ပြည်၊ ဆီ ၅၆၈ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၆၈၆ ပိဿာ၊ သွားတိုက်ဆား ၁၁၃၇ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၈၃၀ ဘူး၊ ပဲ ၁၁၃၇ ပိဿာ ၂၀ ကျပ်သားနှင့် ဆွမ်းပဒေသာပင် အလှူငွေ ကျပ် ၂၃၅၉၀၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

❁ ရွှေဖုံးမှ

ထို့အတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျောင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဝန်ထမ်းများက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ပန်းဖလားကိုင်၊ သာသနာ့အလံကိုင်၊ ကြေးစည်ကိုင်၊ ငွေဖလားကိုင်များ ခြံရံ၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ နံနက်အရုဏ်တက်မှစ၍ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး နံနက် ၁၀ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် နိဗ္ဗာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသဝက ဥပုသ်သီလ ချီးမြှင့်တော်မူပြီး မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်ကျောင်း ဦးစီးပဓာနနာယက ရေစကြိုဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂါရဝကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူသည်။

အလားတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် အဆိုပါစေတီတော်ရှိ အာရုံခံတန်ဆောင်း၌ကျောင်းပရာ ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ဝတ်အသင်းအဖွဲ့များနှင့်အတူ စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုသင်္ကန်းများကို ကပ်လှူပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော် ဓမ္မာရုံ၌ ကျောင်းပရာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ပရိသတ်တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေဘုန်းပွင့်စေတီတော်၌ ယနေ့ အရုဏ်တက်ချိန်မှစ၍ အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ် လှူဒါန်းကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် အတုလ အဓိပတိမဟာမုနိသကျ ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ကြီး၊ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ကျိုက္ကစံဆံတော်ရှင်စေတီတော်၊ မယ်လမုစေတီတော်၊ ရန်ကုန်တိုင်းမြို့နယ်အသီးသီးတို့ရှိ မြို့ဦးစေတီတော်များ အပါအဝင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီများ၌ ဓမ္မစကြာအခါတော်နေ့များကို အစီအစဉ်အတိုင်း ကျင်းပကြပြီး အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်းဆက်ကပ်လှူဒါန်းကြသော ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ အလားတူ နေပြည်တော်တပ်ကုန်း ရွှေဟင်္သာတောင်ခြေရှိ အောင်မြင်ချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး၌လည်း ဘုရားအနေကဇာတင်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြပြီး ရွှေဟင်္သာတောင်တော်ပေါ်ရှိ ဘုရားများ၌လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရွှေကြက်တောင်စေတီတော်၌လည်း ဗုဒ္ဓဘာသာဝင်များသည် ရွှေကြက်တောင်ဆရာတော်အား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ဓမ္မစကြာတရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၄) စုပေါင်းအစည်းအဝေးခန်းမ၌ ကျောင်းပရာ နေပြည်တော် ပျဉ်းမနား မာန်အောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍဝထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(နယ်စပ်/စည်ပင်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံးတို့ ယဉ်ကျေးမှုဝန်ကြီးဌာန မိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(ယဉ်ကျေးမှု)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီး ဒေါ်ခင်ပြုံးတို့အား အမှူးထား၍ ယဉ်ကျေးမှုဝန်ကြီးဌာန မိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျောင်းပရာ နေပြည်တော်ပျဉ်းမနား မြို့မစမ်းမြိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက ရွတ်ပွားသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီး ဒေါ်ခင်ပြုံးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များက နေပြည်တော်ပျဉ်းမနား မြို့မစမ်းမြိုင်ကျောင်း၊ အဘယာရာမကျောင်း၊ ရွှေဥဒေါင်းတောင်ကျောင်းတို့မှ ပင့်သံဃာတော် ၁၀ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(တောင်ပိုင်း)နှင့် အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့မှ ဝန်ထမ်းများသည် ရန်ကုန်မြောက်ပိုင်း ခရိုင် ကြို့ကုန်းရှိ ဗြူးကုန်းပရိယတ္တိစာသင်တိုက်၌ လည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)နှင့် မန္တလေးယဉ်ကျေးမှုပြတိုက်၊ စာကြည့်တိုက်တို့မှ ဝန်ထမ်းများသည် မန္တလေး ခရိုင် အောင်မြေသာစံမြို့နယ်ရှိ မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်၌ လည်းကောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၈ (သောကြာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	''သံဝေပွားမှ ချမ်းသာရ''တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
၈း၁၀ - ၂း၁၀	The Land of Buddhism
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၁၀ - ၃း၁၀	အေးမြလန်းဆန်း Happy အစွမ်း
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Art Vision (ပန်းဆိုးတန်းပန်းချီပြခန်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပြပွဲ)
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၉း၅၅ - ၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	စိုက်ပျိုးဝေဆာ တို့မြေမှာ (စတော်ဘယ်ရီပင်စိုက်ပျိုးနည်း)
၁၀း၁၅ - ၄း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ - ၄း၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	လှပသစ်ဆန်းအလှပြင်ခန်း (Smile ကိုထိုက်)
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	ကသောလက်ဖြင့်လှူကြမည်
၁၁း၅၅ - ၅း၅၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	စင်မြင့်ပေါ်က ဆုနှင်းသဘင် နက္ခတ်ဗေဒပညာရှင်
၁၂း၃၀ - ၆း၃၀	International Video Topics (နေမင်းကြီးကွယ်ပျောက်ချိန်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဇူလိုင် ၁၇ ရက် အများပြည်သူရုံးပိတ်ရက်တွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ပြည်သူများ လာရောက်အနားယူ အပန်းဖြေကြစဉ်။

(သတင်းစဉ်)

ဇူလိုင် ၁၇ ရက် အများပြည်သူရုံးပိတ်ရက်တွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ လာရောက်အနားယူ အပန်းဖြေကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ရုရှားနှင့်အီရန် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးသဘောတူ

တီဟီရန် ဇူလိုင် ၁၆

အီရန်အမျိုးသားရေနံကုမ္ပဏီ (အင်အိုင်အိုစီ)နှင့် ရုရှား သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဂက်စ်ပရွန်တို့သည် အီရန်နိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့နယ်မြေဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးကြသည်ဟု "အိုင်အာရ်အင်န်အေ" သတင်းဌာနက တနင်္လာနေ့တွင်ဖော်ပြသည်။

အင်န်အိုင်အိုစီအုပ်ချုပ်မှုဒါရိုက်တာ စီဖောလပ်ချ်ဂျာရှင်ဆာဇ်နှင့် ဂက်စ်ပရွန်ဒါရိုက်တာအဖွဲ့ အကြီးအကဲ အလက်ဆီမီလားတို့က အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ ထိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အီရန်ရေနံဝန်ကြီး ဂိုလန်ဟိုစိန်နိုဇာရီ တက်ရောက်ကြောင်း အိုင်အာရ်အင်န်အေက ဖော်ပြသည်။

အီရန်နိုင်ငံ အနောက်တောင်ဘက် အဇာဒီဂန်နယ်မြေ၏ အစိတ်အပိုင်းဖြစ်သော အဇာဒီဂန် ရေနံမြေ ဖွံ့ဖြိုးရေးအပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့နယ်မြေတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်ကို အခြေခံ၍ ဖက်စပ်ကုမ္ပဏီထူထောင် သွားမည်ဖြစ်သည်။

သဘောတူညီချက်တွင် အီရန်နိုင်ငံအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စက်ရုံများ တည်ဆောက်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်ချက်များ တည်ဆောက်ခြင်းတို့ ပါဝင်ကြောင်း အိုင်အာအင်န်အေက ဖော်ပြသည်။

အီရန် သဘာဝဓာတ်ငွေ့များကို ပါကစ္စတန်နှင့် အိန္ဒိယသို့ ပို့ရေးအတွက်ပိုက်လိုင်များ တည်ဆောက်ရေးတွင် ဂက်စ်ပရွန် ပါဝင်ဖွယ်ရှိကြောင်းကိုလည်း သဘောတူညီချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်မြောက်ပိုင်းသို့ အပူပိုင်းမုန်တိုင်းဝင်နိုင်မြေပြီ၊ ရေကြီးမှုရှိနိုင်၍ သတိပေးထား

မနီလာ ဇူလိုင် ၁၆

ဖိလစ်ပိုင်နိုင်ငံ မြောက်ဖျားပိုင်းရှိ ကာဂါယန်ပြည်နယ်အနီးသို့ အပူပိုင်းမုန်တိုင်း ကာလ်မီဂီချဉ်းကပ်လာချိန်တွင် လေအားသည် ပိုမိုပြင်းထန်လာသည်ဟု ဇူလိုင် ၁၅ တွင် ထုတ်ပြန်သော မိုးလေဝသဘူမိရူပနှင့် နက္ခတ္တဗေဒလေ့လာရေးဌာန (ပဂါဆာ)၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုမုန်တိုင်းကို ဒေသခံများက ဟီလန်ဟုသိထားကြသည်။ ဒေသစံတော်ချိန် ည ၁၁ နာရီတွင် တိုင်းတာချက်များအရ ယင်းမုန်တိုင်းသည် ကာဂါယန်ပြည်နယ် အာပါရီမြို့၏ အရှေ့အရပ် ကီလိုမီတာ ၁၄၀ အကွာနေရာတွင် ဗဟိုပြုလျက်ရှိကြောင်း သိရသည်။ မုန်တိုင်း၏ လေတိုက်နှုန်းသည် ဗဟိုချက်အနီးတွင် တစ်နာရီလျှင် ၇၅ ကီလိုမီတာနှုန်းရှိနေပြီး ရွေ့လျားနှုန်းမှာ တစ်နာရီလျှင် ခုနစ်ကီလိုမီတာနှုန်းဖြင့်အနောက်-အနောက်မြောက်အရပ်သို့ ရွေ့လျားလျက်ရှိသည်။

မုန်တိုင်း၏အရှိန်ကြောင့် လူဇုန်ကျွန်းဒေသတွင် မိုးသဲကြီးမဲကြီးရွာနိုင်ပြီး မြေပြိုမှုနှင့်ရေကြီးမှုများရှိနိုင်သဖြင့်မြစ်ကမ်းအနီးနေထိုင်သူများနှင့်တောင်ကုန်းများအနီးတွင် နေထိုင်သူများကို သတိပေး နှိုးဆော်ထားသည်။ ထို့အပြင် ပင်လယ်ကမ်းခြေတွင်နေထိုင်သူများကိုလည်း လှိုင်းလုံးကြီးများဝင်ရောက်နိုင်သည့် အန္တရာယ်ရှိကြောင်း သတိပေးထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်အာဖရိကနိုင်ငံ အမျိုးသားသဘာဝဘေးမဲ့တောအတွင်း ဆင်ရိုင်းများအား သတ်ဖြတ်၍ မှောင်ခိုထုတ်မည့် ဆင်စွယ်များ သိမ်းဆည်းထားသည်ကို ဇူလိုင် ၁၆ရက်က တွေ့ရ စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆွီဒင်အပန်းဖြေဥယျာဉ်တွင် ရဟတ်ပြိုကျ ၁၇ ဦးဒဏ်ရာရရှိ

ပေကျင်း ဇူလိုင် ၁၆

ဆွီဒင်နိုင်ငံအနောက်ပိုင်း ဂိုတီဘတ်မြို့ရှိ အပန်းဖြေဥယျာဉ်တွင် ဇူလိုင် ၁၅ ရက်က အပျော်စီးရဟတ်ပြိုကျမှုဖြစ်ပွားသဖြင့် ၁၈ဦး ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ဒဏ်ရာ ရရှိသွားသူများအနက် နှစ်ဦး၏အခြေအနေမှာဒဏ်ရာပြင်းထန်ကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မော်နီကာဂရင်ဒင်က ပြောကြားသည်။

မှန်ကန်မှုမရှိ

အခင်းဖြစ်ပွားလျှင် ဖြစ်ပွားခြင်း ထွက်ပေါ်လာသော သတင်းများအရ ၄၀ ဒဏ်ရာရရှိသည်ဆိုသော သတင်းမှာ မှန်ကန်မှုမရှိကြောင်း ၎င်းက ပြောကြားသည်။

အချင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် ၂၅ စီးကို စေလွှတ်ခဲ့သည်။ အပျော်စီးရဟတ်ကို စီးနင်းကြသူ အများစုမှာ ကလေးငယ်များဖြစ်ကြသည်ဟု သိထားသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများတွင်ကလေး၊ လူကြီးမည်မျှပါသည်ကို ကွဲကွဲပြားပြား မသိရသေးဟုဆိုသည်။

ထင်ရှား

ရဟတ်ပျက်ကျရခြင်းမှာ တပ်ဆင်ထားသော ဘောလ်ဘယ်ရာရင် ချို့ယွင်းသွားခြင်းကြောင့် ဖြစ်နိုင်သည်ဟု အဆိုပါ အပန်းဖြေ ဥယျာဉ်မှ တာဝန်ကျ မန်နေဂျာ ပီတာအင်ဒါဆင်က ပြောကြားသည်။ ထိုအပန်းဖြေဥယျာဉ်သည် နော်ဒစ်ဒေသတွင် လူသိများ ထင်ရှားသော အပန်းဖြေနေရာတစ်ခုဖြစ်သည်။

အင်တာနက်။

ကိုလံဘီယာ၌ မြေပြိုကျမှုကြောင့် အနည်းဆုံးလေးဦးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၁၆

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းဒေသတွင် ဇူလိုင် ၁၄ ရက်က မိုးရွာသွန်းမှုကြောင့် ဘတ်စ်ကားပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ကိုလံဘီယာနိုင်ငံ မြို့တော်မှ ဗယ်လာဗီစင်ဆီယိုမြို့သို့ သွားရာလမ်းကြောင်းတွင် ဘတ်စ်ကားပေါ်သို့ စတုရန်းမီတာ ၅၀၀၀၀ ခန့်ရှိသော ကျောက်တုံးများနှင့် ရွှံ့များ ပြိုကျခဲ့ကြောင်း ကန်ဒီနာမာကာပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

တာဝန်ရှိသူများက ဘတ်စ်ကားပေါ်သို့ ဖုံးအုပ်နေသည့် ကျောက်တုံးကျောက်ခဲများကို ဖယ်ရှားပြီး ဒဏ်ရာရရှိသူများအား အနီးဝန်းကျင်ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိန်းဖြူသယ်မှုဖြင့် ဩစတြေးလျသူတစ်ဦး ဟိုချီမင်းလေဆိပ်၌ ဖမ်းဆီးခံရ

ဟန်နွိုင်း ဇူလိုင် ၁၆

ဗီယက်နမ်နွယ်ဖွား ဩစတြေးလျနိုင်ငံသူတစ်ဦးသည် ဟိုချီမင်းလေဆိပ်မှ ဩစတြေးလျနိုင်ငံသို့ ဘိန်းဖြူသယ်ဆောင်ရန် ကြိုးပမ်းသဖြင့် ယခုသီတင်းပတ်အကုန်တွင် အကောက်ခွန် အရာရှိများက ဖမ်းဆီးလိုက်သည်။

အဖမ်းခံရသူမှာ အသက် ၂၂ နှစ်အရွယ်ရှိ ငုရင်သံဟူရန်ဆိုသူဖြစ်ပြီး ၎င်းအား တန်စွန်နတ်လေဆိပ်အရာရှိများက ဇူလိုင် ၁၃ ရက်တွင် ဖမ်းဆီးခြင်းဖြစ်သည်။ ဖမ်းဆီးရမိချိန်၌ ၎င်း၏ကိုယ်ပေါ်တွင် အဖြူရောင်အမှုန့် နှစ်ထုပ်ကို တွေ့ရှိခဲ့သည်။ ဓာတ်ခွဲခန်းစမ်းသပ်မှုအရ ထိုအမှုန့်နှစ်ထုပ်မှာ အလေးချိန် ၇၃ ဒသမ ၈၈ဂရမ် (၂ ဒသမ ၆အောင်စ) ပါဝင်သော ဘိန်းဖြူမှုန့်များဖြစ်ကြောင်း သိရသည်။ သူမအား ဟိုချီမင်းမြို့ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့လက်သို့ လွှဲပြောင်းပေးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဝါရှင်တန်မြို့တွင် ဟိုတယ်ဝန်ထမ်းများ နှစ်ပတ်လည် ပျော်ပွဲရွှင်ပွဲ ပြုလုပ်နေသည်ကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ အကျဉ်းသားချင်းဖလှယ်

ဂျေရုဆလင် ဇူလိုင် ၁၇

အစ္စရေးနိုင်ငံနှင့် ဟစ်ဇ်ဘိုလာတို့၏ အကျဉ်းသားလဲလှယ်ရေး သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြန်ပေးဆွဲခံရသော အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးတို့၏ ရုပ်အလောင်းကို ဟစ်ဇ်ဘိုလာ အုပ်စုထံမှ ဗုဒ္ဓဟူးနေ့တွင် လက်ခံရရှိသည်။

အစ္စရေးမှုခင်းဆိုင်ရာ ဆေးပညာရှင်များအဖွဲ့သည် ဟစ်ဇ်ဘိုလာက နိုင်ငံတကာ ကြက်ခြေနီကော်မတီမှ တစ်ဆင့် လွှဲပြောင်းပေးအပ်သော ရုပ်အလောင်းကို နာရီပေါင်းများစွာကြာ ဒီအင်အေ စမ်းသပ်စစ်ဆေးပြီးနောက် လွန်ခဲ့သောနှစ်နှစ်က လက်ဘနွန်အုပ်စု ဖမ်းဆီးသွားသော အီဟတ်ဂိုးလ်ဝပ်ဆာနှင့် အယ်လ်ဒက်ရီဂျစ်တို့၏ ရုပ်အလောင်းဖြစ်ကြောင်း အတည်ပြုပေးသည်ဟုအစ္စရေးကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အစ္စရေးကြည်းတပ်မှ တာဝန်ရှိသူများသည် သေဆုံးသွားသောတပ်ဖွဲ့ဝင်များ၏ မိသားစုများအား စမ်းသပ်စစ်ဆေးခြင်းမှရရှိသော အဖြေများကို အသိပေးခဲ့ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

အစ္စရေးတို့ကလည်း အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ကျူးကျော်လာစဉ် သေဆုံးသွားကြသောသူများ၏ ရုပ်အလောင်း ၁၉၉ခု ကို ပြန်လည်ပေးအပ်လျက်ရှိသည်။

တူးဖော်ရရှိထားသောရုပ်အလောင်းများကို သယ်ဆောင်လာသည့် ကြက်ခြေနီကားများသည် လွန်ခဲ့သော ရက်များအတွင်းကပင် လက်ဘနွန်နိုင်ငံဘက်သို့ နယ်စပ်ကို ဖြတ်ကျော်လျက်ရှိကြသည်။ ကုလသမဂ္ဂမှ ခန့်အပ်သော ဂျာမန်အရာရှိတစ်ဦး၏ ညှိနှိုင်းပေးခြင်းကြောင့် ရရှိလာသော အကျဉ်းသား လဲလှယ်ရေး သဘောတူချက်အရ အစ္စရေးနိုင်ငံသည်အကျဉ်းကျခံနေရသော ဟစ်ဇ်ဘိုလာ ပြောက်ကျား လေးဦးနှင့် လက်ဘနွန် လူသတ်သမားဖြစ်သူ ဆာမိယာကန်တာကို ဟစ်ဇ်ဘိုလာတို့ထံ လွှဲပြောင်းမည်ဖြစ်သည်။ အဆိုပါလူသတ်သမားကိုအစ္စရေးတရားရုံးက လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး သမ္မတ ရှီမွန်ပီရက်စ်က အကျဉ်းသားလဲလှယ်ရေးကိုဆောင်ရွက်ရန်အဂါနေ့က အမိန့်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပနားမားရေပြင်၌ ငါးဖမ်းသင်္ဘောမီးလောင်

ပနားမားစီးတီး ဇူလိုင် ၁၆

ပနားမားနိုင်ငံ၌ မှတ်ပုံတင်ထားသော ငါးဖမ်းသင်္ဘောတစ်စင်းသည် ထိုင်းနိုင်ငံတောင်ဘက် ပွန်တာချာမီရေပြင်အနီး၌ မီးလောင်မှုဖြစ်ပွားရာ ဗီယက်နမ်သင်္ဘောသားခြောက်ဦးဒဏ်ရာရရှိကြောင်း တနင်္လာနေ့တွင် ပနားမားနိုင်ငံ ပင်လယ်ရေကြောင်း အာဏာပိုင်များက ပြောကြားသည်။ သင်္ဘောပေါ်ရှိ တရုတ်သင်္ဘောသား ၁၁ ဦးစလုံး ဒဏ်ရာရရှိမှု မရှိကြောင်း ပနားမားနိုင်ငံရှိ တရုတ်ကုန်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရုံးကိုယ်စားလှယ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါသင်္ဘောပေါ်တွင် ဗီယက်နမ်နိုင်ငံသား ရှစ်ဦးအပါအဝင် သင်္ဘောသား ၁၉ ဦး ပါရှိသည်။ မီးလောင်မှုဖြစ်ပွားခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သုဝဏ္ဏ မိုးကုတ်အဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန်　ဇူလိုင်　၁၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏမြို့ ကောက်လျှင် လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၄၈) ဓမ္မရိပ်သာကြီး၌ အကြိမ် (၁၁၀)မြောက် ၁၀ ရက်စခန်းပွဲကို ဇူလိုင် ၂၃ရက် (ဗုဒ္ဓဟူးနေ့)မှ ဩဂုတ် ၁ ရက်(သောကြာနေ့)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက တစ်ဘဝသာသနာကျမ်းပြု ဆရာတော် ဦးယောသိတ၏တပည့် ရွှေပွင့်ဖြူ အရှင်နန္ဒိယ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

စုံနံ့သာမြိုင်ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ)၏
ဒသမ ငြိမ်းချမ်းမင်္ဂလာ အထိမ်းအမှတ် နှင့်
မြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တသုဇန ၏ နှစ် (၆၀) ပြည့်
" ဝိဇာတမင်္ဂလာ " အထိမ်းအမှတ်
ဒသမအကြိမ် သံဃာတော်အပါး(၁၀၀၀) ဆွမ်းကပ်လှူပူဇော်ပွဲ
ဖိတ်ကြားလွှာ

အလှူတော်မင်္ဂလာနေ့ရက် ။ ၁၃၇၀ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၃)ရက်
၂၀၀၈ ခုနှစ်၊ဇူလိုင်လ(၂၀)ရက် (တနင်္ဂနွေနေ့)
အလှူတော်မင်္ဂလာအချိန် ။ နံနက် (၀၉း၀၀)နာရီ မှ (၁၁း၀၀)နာရီ အထိ
အလှူတော်မင်္ဂလာနေရာ ။ ဘေသဇ္ဇမုနိ ဂန္ဓကုဋိစံကျောင်းတော်
စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ)
တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး
မြိုင်ကြီးငူ ဒါယကာ၊ ဒါယိကာမများ။

Gold 3 in 1 Hip Hop
စိုင်းစိုင်းခမ်းလှိုင်၊ J- me ၊ ရဲလေး၊
ကန်တော်ကြီး-မျှော်စင်ကျွန်း (မိုးလုံလေလုံရုံသစ်ကြီး)
20-7-08(Sun) 3:00 PM - 7:00 PM
လက်မှတ်အရောင်းဌာန - NoBody, Uncle Sam (Dagon,Yankin, FMI, BAK, Conqueror (La Pyae Wunn)

သာသနာ့ဝန်ထမ်း သတင်းစကား

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်အောင်ကျော်မိုး(ခ) သိန်းဇော် [၁၂/သဃက(နိုင်)၁၅၉၂၈၉] သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှင့်မိသားစုအပေါ် စိတ်ဆင်းရဲဒုက္ခ အမျိုးမျိုးပေးပြီး ၁၂-၇-၂၀၀၈ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ ငွေကြေးကိစ္စ ပြဿနာများအားလုံး လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးသိန်းအောင်-ဒေါ်စန်းစန်းလွင်
အမှတ်(၇၂)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်

အမြန်ရောင်းမည်။

မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီးပေါ်ရှိမိတာနှင့် သစ်သားတစ်ထပ်အိမ်ပါဝင်သော ၂၀' × ၆၀' နှစ်(၆၀) ဂရန်မြေကွက်ကို အမြန်တည်အောင်ရောင်းမည်။ ဆိုင်းဈေး (၂၅၅)သိန်း
ဖုန်း ၅၃၉၁၉၁၊ ၃၇၂၆၆၀၊ ၀၉၅၀၀၀၃၀၅၊ ၀၉၅၁၇၉၃၆၀၊ ၀၉၅၁၃၃၇၃၇။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

Computer & Languages
Glory Hope Education Centre

AUTO CAD (2D,3D)
-Basic CAD principle, Mastering usage of many commands
-Systematic 2D and 3D Drawing(Mech & Civil)
-Mastering solidediting, Aspect of Rendering

3ds MAX 2008
- Special engineering render Course
- Auto CAD 2008 (Architecture, Civil)
- 3ds max 2008 (Render, model, animation)
- 3ds max 2008 ကိုအသုံးပြု၍ အရည်အသွေးမြင့်မားသော အဆောက်အဦး ပုံစံများရေးဆွဲသည့်အထူး သင်တန်းဖြစ်ပါသည်

10 % OFF

ချမ်းသာပလာဇာ(ဒုတိယထပ်)-ပုဇွန်တောင်ဈေးနှင့် စာတိုက်မှတ်တိုင်ကြား)PH: 200086, 203436, Ext: 2206, 2207, 2214

ဥတုရာသီ တောကိုမှီ၏

ALL SWEET ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် (၉-ခ-၁) နေ ဦးငြိမ်းကျော်ငြိမ်း (၁၂/ရကန(နိုင်) ၀၅၉၆၈၆)၏ ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ် (၄၁၇၃/၂၀၀၆)၊

မှတ်ပုံတင်အမှတ် ((၄၃၉၄/၂၀၀၇)

မှတ်ပုံတင်အမှတ် (၃၇၃၉/၂၀၀၈)၊

မှတ်ပုံတင်အမှတ် (၃၇၄၀/၂၀၀၈)

မှတ်ပုံတင်အမှတ် (၃၇၃၈/၂၀၀၈)

"ALL SWEET အလှကုန်များ" ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၈၂၄၆/၂၀၀၅)၊ **"ALL SWEET-Whitening Cream"** ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၄၁၇၃/၂၀၀၆)၊ **"ALL SWEET-Skin Care Milk Lotion"**ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၄၃၉၄/၂၀၀၇)၊ **"ALL SWEET-Anti-Acne Cream"**ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၃၇၃၉/၂၀၀၈)၊ **"ALL SWEET-Ginseng Make Up "**ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၃၇၄၀/၂၀၀၈)၊ **"ALL SWEET-5 in 1 Snow"**ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် (၃၇၃၈/၂၀၀၈) အရ အသီးသီး တရားဝင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်များဖြင့် မိတ်ကပ်၊ စနိုး၊ သနပ်ခါး၊ ရေမွှေး၊ ကိုယ်လိမ်းပေါင်ဒါ၊ မျက်နှာလိမ်းပေါင်ဒါ၊ ခရင်ပတ်၊ ချွေးနံ့ပျောက်ဆေး၊ ခေါင်းလိမ်းဆီ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဝက်ခြံပျောက်ဆေး၊ တင်းတိပ်ပျောက်ဆေး၊ အမာရွတ်ပျောက်ဆေး၊ အသားဖြူစေသော အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဆံပင်အလှပြင်ပစ္စည်းအမျိုးမျိုး၊ နှုတ်ခမ်းအလှပြင်ပစ္စည်းအမျိုးမျိုး၊ လူခန္ဓာကိုယ်မွှေးကြိုင်လှပစေသော အလှကုန်အမျိုးမျိုး၊ လူခန္ဓာကိုယ်သန့်ရှင်းကျန်းမာစေသော အလှကုန်အမျိုးမျိုး၊ ခြေသည်းလက်သည်းအလှပြင်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး အဆိုပါပစ္စည်းများကို ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူးများနှင့်အခြားထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့တွင် ထည့်သွင်း၍လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်စန်းစန်းဝင်း (တရားရုံးချုပ်ရှေ့နေ) ၂၁၇၂
B.A(LAW) LL.B (Advocate), D.B.L, D.M.L, D.I.L,D.A.Psy.
အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၆၁၂၂၃၊ ၅၇၈၅၅၀၊ ၂၄၇၀၈၄

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘောသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာ၌ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေးဌာနမှူး ဒေါက်တာဇော်ဌေး ဦးဆောင်၍ သမားတော် ဒေါက်တာအောင်ကျော်သူ၊ ခွဲစိတ်ဆရာဝန်ဒေါက်တာစိုင်းလောင်ငင်းနှင့် အရိုးအထူးကုဆရာဝန်ဒေါက်တာမော်ဦး၊ မေ့ဆေးဆရာဝန် ဒေါက်တာကျော်ခင်တို့ပါဝင်သော အထူးကုအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနမှ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ ဌာနစိတ်မှ အင်ဂျင်နီယာ ဦးအောင်မြင့်စိုး၊ မြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဝန်ထမ်းများနှင့် Melteser International မှ ဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဇွန် ၂၉ရက် နံနက် ၁၁နာရီခွဲတွင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများလုပ်ဆောင်ရန် လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးရွှေ့တန်းစခန်းသို့ရောက်ရှိသည်။

အဆိုပါအဖွဲ့သည် သိပ္ပံကုန်းကြီးကျေးရွာ၌ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းခြင်း၊ ဝမ်းမှတစ်ဆင့်ဖြစ်ပွားစေသော ရောဂါများမဖြစ်ပွားစေရေးအတွက် ယင်နှိမ်နင်းခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ရေငန်ဝင်ရောက်ခဲ့သော ရေတွင်းရေကန်များမှ ရေများစုပ်ထုတ်ခြင်း၊ Melteser International နှင့် ပူးပေါင်း၍ ယာယီမိုးရေလှောင်ကန်များတည်ဆောက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ ဆောင်းပါး၊ ကဗျာ အညွှန်း

○ ဦးကျော်စိန်(မန္တလေး)၏
"ဓမ္မစကြာ အခါတော်နေ့"
(ဆောင်းပါး) စာမျက်နှာ-၆

○ မြင်းမူမောင်နိုင်မိုး၏
"လောကလမင်း လင်းသည့်ချိန်"
(ကဗျာ) စာမျက်နှာ-၆

○ မောင်တင်လှိုင် (ဟိုတယ်/ခရီး)၏
(သတင်းဆောင်းပါး) စာမျက်နှာ-၄